# Indiana WIC ပိတ်ပင်မှုများ

– ရှင်းလင်းချက်နှင့် အကြောင်းအရာ အပြည့်အစုံကို ရောင်းချသူလမ်းညွှန် စာမျက်နှာ 15 တွင် ကြည့်ပါ–

**WIC EBT ကတ်များကို ငွေကြေး၊ သေနတ် သို့မဟုတ် မူးယစ်ဆေးဝါးများအတွက် ဝယ်ယူရောင်းချခြင်း**

- **အပစ်ဒဏ်-**
  - **တစ်ကြိမ်ထက်ပိုပါက- အပြီးတိုင် ထုတ်ပယ်ခြင်းနှင့် ထောင်ကျနိုင်ရန် အလားအလာ**
  - **တစ်ကြိမ်တည်းဖြစ်ပါက- WIC ရောင်းချသူအဖြစ်မှ 6 နှစ် ထုတ်ပယ်**

**6. WIC EBT ကတ်များကို အရက် သို့မဟုတ် ဆေးလိပ်အတွက် ဝယ်ယူရောင်းချခြင်း-**

- **အပစ်ဒဏ်-**
  - **မည်သည့်အဖြစ်အပျက်မဆို- WIC ရောင်းချသူအဖြစ်မှ 3 နှစ် ထုတ်ပယ်**

**8. မတော်တဆဖြစ်စေ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ WIC ဖောက်သည်များကို WIC ပုံမှန်သုံးစွဲခြင်းမရှိသူများထက် ပိုမိုဈေးတင်ခြင်း၊ ဆိုင်ရောင်းဈေးထက် ပိုရောင်းခြင်း သို့မဟုတ် အမြင့်ဆုံးဈေးထက် အမြဲပိုရောင်းခြင်း**

*ရောင်းကုန်ပေါ်ရှိ ဈေးနှုန်း သို့မဟုတ် ထိုပစ္စည်းအနီး စင်ပေါ်တွင် ကပ်ထားသော ဈေးနှုန်းကို သတိပြုပါ။ ထိုဈေးနှုန်းသည် WIC ငွေလက်ခံတွင် ဖော်ပြထားသော ဈေးနှင့် ကိုက်ညီရပါမည်။ ဈေးနှုန်းပြောင်းပါက စက်ပစ္စည်းဘေးရှိစင် သို့မဟုတ် POS စနစ်နှင့် ရောင်းကုန်ပေါ်ရှိ ဈေးနှုန်း သို့မဟုတ် ထိုပစ္စည်းအနီး စင်ပေါ်တွင် ကပ်ထားသော ဈေးနှုန်းကို ပြောင်းလဲပါ။*

- **အပစ်ဒဏ်-**
  - **နှစ်ကြိမ်နှင့်အထက် ဖြစ်ပွားပါက WIC ရောင်းချသူအဖြစ်မှ 3 နှစ် ထုတ်ပယ်ပါမည်**

**7. စာရင်းရှိသည်ထက် ပိုမိုပြီး ကုန်ကျစားရိတ်တောင်းခြင်း**

*စာရင်းစစ်ချိန်တွင် ဝယ်ယူမှု စာရင်းမှတ်တမ်းများကို တောင်းယူကြည့်နိုင်ပါသည်။ ရောင်းချသူများသည် တောင်းဆိုထားသည့် ကာလအတွင်း WIC အဝယ်စာရင်းကို IN WIC ပြည်နယ်ရုံးသို့ 15 ရက်အတွင်း ပေးပို့ရပါမည်။*

- **အပစ်ဒဏ်-**
  - **စာရင်းလုပ်မထားသော ပမာဏနှင့် ညီမျှသော ဒဏ်ငွေ**
  - **နှစ်လထက်ပိုပါက 3 နှစ် ထုတ်ပယ်ခံရပါမည်**

**12. စာရင်းမှတ်တမ်းများ တင်ပြရန် ပျက်ကွက်မှု**

*စာရင်းစစ်ချိန်တွင် ဝယ်ယူမှု စာရင်းမှတ်တမ်းများကို တောင်းယူကြည့်နိုင်ပါသည်။ ရောင်းချသူများသည် တောင်းဆိုထားသည့် ကာလအတွင်း WIC အဝယ်စာရင်းကို IN WIC ပြည်နယ်ရုံးသို့ 15 ရက်အတွင်း ပေးပို့ရပါမည်။ ပထမ သတ်မှတ်အရက်အတွက် ပေးပို့ခြင်း မရှိပါက Indiana WIC မှ သတိပေးချက် ထုတ်ပြန်ပြီး နောက်ထက် 15 ရက် အချိန်ပေးပါမည်။ ထို ဒုတိယ သတ်မှတ်ရက်အတွင်း မပေးပို့ပါက Indiana WIC မှ $1,000 ဒဏ်ငွေတပ်ပြီး နောက်ထပ် 15 ရက် အချိန်ပေးပါမည်။ တတိယအကြိမ် သတ်မှတ်ရက်အတွင်း မပေးပို့ပါက ရောင်းချသူအား 3 နှစ် ထုတ်ပယ်ပါမည်။ သင်၏ အရောင်းစာရင်း အားလုံးကို အနည်းဆုံး 3 နှစ်စာ သိမ်းထားပါ။*

- **အပစ်ဒဏ်-**
  - **1 ကြိမ်- သတိပေးခြင်း**
  - **2 ကြိမ်- $1,000 ဒဏ်ငွေ**
  - **3 ကြိမ်- WIC ရောင်းချသူအဖြစ်မှ 3 နှစ် ထုတ်ပယ်**

**18. WIC မှ အသိအမှတ်မပြုသော ရောင်းချသူများထံမှ ဖော်မြူလာ သို့မဟုတ် WIC တွင် ရနိုင်သော အဟာရများကို ဝယ်ယူခြင်း သို့မဟုတ် စုဆောင်းထားခြင်း**

- **အပစ်ဒဏ်-**
  - **1 ကြိမ်- သတိပေးခြင်း**
  - **2 ကြိမ်- WIC ရောင်းချသူအဖြစ်မှ 1 နှစ် ထုတ်ပယ်**

**21. WIC အစားအသောက်စာရင်းတွင် မပါသော အစားအစာများအတွက် အကျိုးအမြတ် တောင်းဆိုခြင်း**

*ထိုအရာများတွင် သုံးစွဲသူ၏ WIC ကတ်တွင် ဖော်ပြမထားသော အရာများ ပါဝင်ပါသည်။ ငွေရှင်းရာတွင် ဝယ်ယူသည့် အရေအတွက် အတိအကျကိုသာ စကင်ဖတ်ပါ။ အတည်ပြုထားသော WIC အစားအစာများကို အခြားထုတ်ကုန်များနှင့် အစားထိုးခွင့်မပြုပါ။ တောင်းဆိုသော WIC ထုတ်ကုန်အားလုံးသည် သုံးစွဲသူ၏ လက်ခံဖြတ်ပိုင်းတွင် ဖော်ပြထားသည်တို့နှင့် ကိုက်ညီရပါမည်။*

- **အပစ်ဒဏ်-**
  - **1 ကြိမ်- သတိပေးချက်**
  - **ထပ်ခါထပ်ခါဖြစ်ပွားခြင်း- ဒဏ်ငွေ သို့မဟုတ် WIC ရောင်းချသူအဖြစ်မှ 1 နှစ် ပိတ်ပင်ခြင်း**

**24. ဆိုင်အရောင်းဆိုင်ရာ တာဝန်ခံမှ စီစဉ်သော မဖြစ်မနေတက်ရသည့် နှစ်ပတ်လည် စက်တင်ဘာ WIC သင်တန်းသို့ တက်ရောက်ရန် ပျက်ကွက်ခြင်း**

- **အပစ်ဒဏ်-**

    - 1 ကြိမ်- သတိပေးချက်
    - ထပ်ခါထပ်ခါဖြစ်ပွားခြင်း- ဒဏ်ငွေ သို့မဟုတ် WIC ရောင်းချသူအဖြစ်မှ 1 နှစ် ပိတ်ပင်ခြင်း

32. WIC အစားအသောက်များကို အနည်းဆုံး သိုလှောင်ထားရမည့် ပမာဏအတွင်း ထားရန် ပျက်ကွက်ခြင်း
- အပစ်ဒဏ်-
    - 1 ကြိမ်- သတိပေးချက်
    - 2 ကြိမ်- သတိပေးချက်များနှင့် WIC လမ်းစဉ်များကို ပြန်လည်သင်ကြားခြင်း
    - 3 ကြိမ်- အနည်းဆုံးဒဏ်ငွေ $100
    - 4 ကြိမ်- WIC ရောင်းချသူအဖြစ်မှ 1 နှစ် ထုတ်ပယ်

34. သက်တမ်းကုန်နေသော WIC အစားအသောက်များကို ဖယ်ရှားရန် ပျက်ကွက်ခြင်း
- အပစ်ဒဏ်-
    - 1 ကြိမ်- သတိပေးချက်
    - 2 ကြိမ်- သတိပေးချက်များနှင့် WIC လမ်းစဉ်များကို ပြန်လည်သင်ကြားခြင်း
    - 3 ကြိမ်- အနည်းဆုံးဒဏ်ငွေ $100

36. WIC အစားအသောက်များ၏ ဈေးနှုန်းကို အစားအသောက်ထုတ်ပိုးသည့်အိတ်၊ ဘူး၊ စင် တို့တွင် တိကျစွာဖော်ပြရန် ပျက်ကွက်ခြင်း
- အပစ်ဒဏ်-
    - 1 ကြိမ်- သတိပေးချက်
    - 2 ကြိမ်- သတိပေးချက်များနှင့် WIC လမ်းစဉ်များကို ပြန်လည်သင်ကြားခြင်း
    - 3 ကြိမ်- အနည်းဆုံးဒဏ်ငွေ $100

48. WIC အစီအစဉ်မှ ပေးအပ်သော စင်ပေါ်ထားရမည့် ဈေးတံဆိပ်များကို WIC သတ်မှတ်ထားသော အစားအသောက်များအနီးတွင် မှန်ကန်စွာထားရန် ပျက်ကွက်ခြင်း
- အပစ်ဒဏ်-
    - 1 ကြိမ်- သတိပေးချက်
    - 2 ကြိမ်- သတိပေးချက်များနှင့် WIC လမ်းစဉ်များကို ပြန်လည်သင်ကြားခြင်း
    - 3 ကြိမ်- အနည်းဆုံးဒဏ်ငွေ $100